IAEA ၏ နျူကလီးယားသိပ္ပံနည်းပညာအသုံးချမှုနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက် မိန့်ခွန်းပြောကြား

(၂၈-၁၁-၂၀၂၄ ရက်၊ ဗီယင်နာ)

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ၂၆-၁၁-၂၀၂၄ ရက်မှ ၂၈-၁၁-၂၀၂၄ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ နျူကလီးယား သိပ္ပံနည်းပညာအသုံးချမှု နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီ အစဉ်ဆိုင်ရာ ဝန်ကြီးအဆင့် ညီလာခံသို့ ဗီယင်နာမြို့ အခြေစိုက်ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်း များဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်သံအမတ်ကြီး ဦးမင်းသိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြောကြားခဲ့ရာ၌ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားသိပ္ပံနည်းပညာနှင့်အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပံ့ပိုးကူညီပေးနေသည့် IAEA ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အသိအမှတ်ပြုကြောင်း၊ ထို့ပြင် ပြည်သူ့ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပလပ်စတစ်များကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲမှုစသော ကမ္ဘာ့စိန်ခေါ်မှုပြဿနာများကို ဖြေရှင်းရာတွင် အေဂျင်စီ၏ဦးဆောင်ဦးရွက်ပြုသည့် စီမံကိန်းများကိုလည်း ထောက်ခံကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IAEA ၏ နည်းပညာအကူအညီများကြောင့် နိုင်ငံ၏အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးနှင့်အာဟာရကဏ္ဍ၊ ရေနှင့်ပတ်ဝန်းကျင်ကဏ္ဍ၊ စက်မှုဆိုင်ရာအသုံးချကဏ္ဍ၊ ဓာတ်ရောင်ခြည်ဘေးကင်းရေး၊ နျူကလီးယားအသိပညာနှင့် စီမံခန့်ခွဲမှုကဏ္ဍ၊ လူ့စွမ်းအားမြှင့်တင်ရေးကဏ္ဍများတွင် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိခဲ့ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါညီလာခံတွင် IAEA နှင့် အဖွဲ့ဝင်နိုင်ငံများအကြား နျူကလီးယားသိပ္ပံနည်းပညာအသုံးချမှုကဏ္ဍများ၌ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ရေးရည်ရွယ်ချက်ဖြင့် ဝန်ကြီးအဆင့်ထုတ်ပြန်ကြေညာချက် (Ministerial Declaration) တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

*******************

Myanmar Permanent Representative delivers a Statement at the IAEA's Ministerial Conference on Nuclear Science, Technology and Applications and the Technical Cooperation Programme


(28-11-2024, Vienna)

The Myanmar delegation, led by Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and Other International Organizations in Vienna, participated in the International Atomic Energy Agency (IAEA) Ministerial Conference on Nuclear Science, Technology and Applications and the Technical Cooperation Programme held in Vienna, Austria from 26 to 28 November 2024.

During the Conference, the Permanent Representative delivered a statement expressing Myanmar's recognition of IAEA's Technical Cooperation Programme which supports Member States, particularly developing countries for peaceful uses of nuclear science, technology, and atomic energy. He highlighted that Myanmar supports the Agency's cross-cutting initiatives in addressing global challenges related to public health, food security, plastic pollution, and climate change. He acknowledged that Myanmar has benefitted greatly from the Agency's assistances to Myanmar through national and regional programmes in the sectors such as food and agriculture, health and nutrition, water and environment, industrial applications, radiation safety, nuclear knowledge management, and capacity-building.

The Conference adopted a Ministerial Declaration aimed at further strengthening cooperation between the IAEA and Member States in the areas of nuclear science, technology, and applications through the Agency's Technical Cooperation Programme.

******************




IAEA ၏ နျူကလီးယားသိပ္ပံနည်းပညာ အသုံးချမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု
အစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်
သံအမတ်ကြီးဦးမင်းသိမ်း မိန့်ခွန်းပြောကြားစဉ်




IAEA ၏ နျူကလီးယားသိပ္ပံနည်းပညာ အသုံးချမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု
အစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်
သံအမတ်ကြီးဦးမင်းသိမ်း မိန့်ခွန်းပြောကြားစဉ်




IAEA ၏ နျူကလီးယားသိပ္ပံနည်းပညာအသုံးချမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု
အစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့တက်ရောက်စဉ်